# အသစ်ရောက်ရှိလာသည့် ဒုက္ခသည်များ—mutual obligation requirements (နှစ်ဦးနှစ်ဖက် ယူရမည့်တာဝန် သတ်မှတ်ချက်များ)

ကျွန်ုပ်တို့သည် သင့်အား ဩစတြေးလျနိုင်ငံ၌ ဘဝ တည်ငြိမ်အခြေကျလာစေရန်အတွက် ကူညီရန် ထောက်ပံ့ကြေးငွေများနှင့် ဝန်ဆောင်မှုများကို ပေးပါသည်။ သင့် ထောက်ပံ့ကြေးငွေကို ဆက်လက်ရရှိနေရန်အတွက် သင် လုပ်ရမည့် အရာများရှိသည်—၎င်းအရာများကို ကျွန်ုပ်တို့ mutual obligation requirements (နှစ်ဦးနှစ်ဖက် ယူရမည့်တာဝန် သတ်မှတ်ချက်များ) ဟုခေါ်သည်။

## အဓိက အချက်အလက်များ

- သင်သည် mutual obligation requirements (နှစ်ဦးနှစ်ဖက် ယူရမည့်တာဝန် သတ်မှတ်ချက်များ) မှ ကင်းလွတ်ခွင့်ကို သင် ဩစတြေးလျနိုင်ငံ ရောက်ရှိသည့် နေ့ရက်မှ 12 ပတ် ရရှိပါမည်။
- သင်သည် ဩစတြေးလျနိုင်ငံတွင် 12 လ မပြည့်မချင်း သင့်အား jobactive ဌာနသို့ လွှဲပို့ပေးမည် မဟုတ်သလို အလုပ်ရှာခိုင်းမည် မဟုတ်ပါ။
- အကယ်၍ သင် လိုလားလျှင် သင့်အား အလုပ်ရှာပေးရန်အတွက် ကူညီပေးရန် jobactive ဌာနသို့ စောစီးစွာ ဆက်သွယ်စေပါသည်။

## သင် ရောက်ရှိလာသည့်အခါ

သင်၏ ညှိနှိုင်းဆောင်ရွက်ပေးသူအရာရှိ (သို့) အမှုကိစ္စလုပ်သားသည် သင် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာသည့်အခါ ကျွန်ုပ်တို့အား အကြောင်းကြားပါမည်။

## ဩစတြေးလျနိုင်ငံ၌ သင်၏ ပထမ 12 ပတ်ကာလ

### ထောက်ပံ့ကြေး အသစ် တောင်းခံသည့် လူတွေ့အင်တာဗျူး

သင်ရောက်ရှိပြီး 3 ရက်အတွင်း သင့် ညှိနှိုင်းဆောင်ရွက်ပေးသူအရာရှိ (သို့) အမှုကိစ္စလုပ်သားသည် ထောက်ပံ့ကြေး အသစ် တောင်းခံသည့် လူတွေ့အင်တာဗျူးကို သင့်အတွက် ရက်ချိန်းတောင်းပါမည်။ Refugee and Asylum Seeker Officer တစ်ဦးသည် သင့်အခြေအနေနှင့် လိုက်ဖက်မှန်ကန်သည့် ထောက်ပံ့ကြေးငွေ တစ်ရပ်ကို သင် တောင်းခံရန် ကူညီပေးပါမည်။

အကယ်၍ သင့်တွင် သင့်အား ကူညီပေးရန် တစ်စုံတစ်ယောက် မရှိလျှင် သင့်ဘာသာစကားဖြင့် တစ်စုံတစ်ယောက်အား စကားပြောဆိုရန် ဖုန်း **131 202** ကိုခေါ်ပါ။ သူတို့သည် သင့်အတွက် လူတွေ့အင်တာဗျူးကို ရက်ချိန်းတောင်းပေးပါမည်။

ကျွန်ုပ်တို့သည် သင့်အတွက် အခြား ရက်ချိန်းများကို စီစဉ်ပေးပါမည်။ သင့် ရက်ချိန်းများတွင် ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများ အကြောင်း ဟောပြောပွဲ တစ်ခု ပါဝင်သည်။ အားလုံးသော ရက်ချိန်းများကို သင် တက်ရောက်ရန် သင့်အတွက် အရေးကြီးသည် (သို့) သင့် ထောက်ပံ့ကြေးငွေ ရပ်ဆိုင်းကောင်း ရပ်ဆိုင်းသွားနိုင်သည်။

### Employment Services Assessment ရက်ချိန်း

Refugee and Asylum Seeker Officer သည် အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ စိစစ်ရေး အတွက်လည်း သင့်အား လွှဲပို့ကောင်း လွှဲပို့ပေးနိုင်သည်။ ဤသို့အားဖြင့် အောက်ပါတို့ကို သိရှိနားလည်ရန် ကျွန်ုပ်တို့အား အထောက်အကူပြုသည်-

- အလုပ်ကို ရှာဖွေရန် (သို့) လက်ခံရန် သင့်တွင် ရှိနိုင်ကောင်းသည့် အခက်အခဲအတားအဆီး တစ်ခုခု
- မသန်မစွမ်းဖြစ်မှု၊ နာမကျန်းမှု (သို့) ထိခိုက်ဒဏ်ရာ တစ်ခုခုကို ထည့်သွင်းစဉ်းစားပေးမည့် သင်၏ အလုပ်လုပ်ရန် စွမ်းရည်
- အကယ်၍ လိုအပ်လျှင် သင်နှင့်လိုက်ဖက်ရန် အကောင်းဆုံး အလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်များ။

သာမန်အားဖြင့် သင်၏ Employment Services Assessment ရက်ချိန်းကို သင်၏ ဒေသတွင်းရှိ ဝန်ဆောင်မှု စင်တာတွင် လုပ်ပေးပါလိမ့်မည်။ အချို့ကိစ္စများ၌ သင့် ရက်ချိန်းကို တယ်လီဖုန်းဖြင့် (သို့) ဗွီဒီယိုဖြင့် လုပ်ပေးကောင်း လုပ်ပေးနိုင်သည်။

အကယ်၍ သင့်ရက်ချိန်းသို့ သင် မသွားနိုင်လျှင် ကျွန်ုပ်တို့ကို ဖုန်းခေါ်ပါ။ ကျွန်ုပ်တို့ ရက်ချိန်းကို လုပ်ပေးသည့်အခါ ကျွန်ုပ်တို့ သင့်အား ပေးသည့်ဖုန်းနံပါတ်ဖြင့် ကျွန်ုပ်တို့အား သင် ဖုန်းခေါ်နိုင်ပါသည်။

## 12 ပတ်တွင်

သင် ကြိုစတြေးလျနိုင်ငံ၌ 12 ပတ် နေပြီးသည့်နောက် သင် ကျွန်ုပ်တို့နှင့် တွေ့ဆုံရပါမည်။

ဤတွေ့ဆုံပွဲ၌ ကျွန်ုပ်တို့သည်-

- သင်၏ အခြေအနေများ ပြောင်းလဲခဲ့သည် မပြောင်းလဲခဲ့သည်ကို ကျွန်ုပ်တို့ စစ်ဆေးမည်
- သင်နှင့်အတူ Job Plan တစ်ခုကို ရေးဆွဲမည်
- သင်၏ mutual obligation requirements ကို ရှင်းလင်းပြောပြမည်
- သင်၏ သတင်းပို့ရမည့် သတ်မှတ်ချက်များအကြောင်း သင့်အား ပြောပြမည်
- သင့်အား jobactive ဌာနသို့ အကယ်၍ ဤဝန်ဆောင်မှုကို သင် ရယူလိုလျှင် လွှဲပို့ပေးနိုင်သည်။

သင့် အခြေအနေများအပေါ် မူတည်၍ ကျွန်ုပ်တို့သည် အထက်ပါတို့အစား အောက်ပါတစ်ခုခုသို့ သင့်အား လွှဲပို့ပေးကောင်း လွှဲပို့ပေးနိုင်သည်-

- Disability Employment Services
- Transition to Work
- The Community Development Program။

## Job Plan (အလုပ် အစီအစဉ်)

သင်၏ Job Plan သည် သင် ကြိုစတြေးလျနိုင်ငံ ရောက်ရှိသည့် နေ့ရက်မှ 12 လ ပြည့်သည်အထိ သက်တမ်း အတည်ဖြစ်သည်။ ၎င်းတွင် ကြိုစတြေးလျနိုင်ငံ၌ သင့် ဘဝကို သင် အခြေချရန်အတွက် အထောက်အကူဖြစ်စေရန် အတည်ပြုထားသည့် ဆောင်ရွက်ရသော လုပ်ရှားမှုဆောင်ရွက်မှုများ ပါဝင်ပါသည်။ သင့် ထောက်ပံ့ကြေးငွေကို ဆက်လက်ရရှိနေစေရန်အတွက် သင် သင်၏ လှုပ်ရှားဆောင်ရွက်မှုများကို လုပ်ရန်လိုအပ်သည်။

ကျွန်ုပ်တို့သည် သင် အလုပ်ရရှိစေရန် သင် လုပ်နိုင်သည့် လှုပ်ရှားဆောင်ရွက်မှုများ အကြောင်း သင့်အား ပြောပြပါမည်။ သင့်အနေဖြင့် လှုပ်ရှားဆောင်ရွက်မှု အနည်းဆုံး 1 ခု လုပ်ရန် သဘောတူရမည်။ ကျွန်ုပ်တို့သည် သင်၏ Job Plan တွင် သဘောတူထားသည့် လှုပ်ရှားဆောင်ရွက်မှုကို ထည့်ရေးထားပါမည်။

သင်၏ အတည်ပြုထားသည့် လှုပ်ရှားဆောင်ရွက်မှုမှာ-

- Humanitarian Settlement Program တွင် ပါဝင်လုပ်ဆောင်ခြင်း
- Adult Migrant English Program မှ တစ်ဆင့် အင်္ဂလိပ်စာ သင်ယူခြင်း

- jobactive တွင် ပါဝင်လုပ်ဆောင်ခြင်း
- သင်၏ ပါဝင်လုပ်ဆောင်ရေးဆိုင်ရာ သတ်မှတ်ချက်များအပေါ် မူတည်၍ အတည်ပြုထားသည့် အခြား အလုပ်ကို လုပ်ခြင်း၊ ပညာသင်ယူခြင်း (သို့) သင်တန်းတက်ရောက်ခြင်း တို့ဖြစ်နိုင်သည်။

Humanitarian Settlement Program နှင့် ပတ်သက်၍ https://immi.homeaffairs.gov.au တွင်ပိုမိုဖတ်ရှုပါ။

အကယ်၍ သင်သည် သင့် Job Plan တွင် ပါရှိသည့် လှုပ်ရှားဆောင်ရွက်မှု တစ်ခုခုကို မလုပ်နိုင်လျှင် သင် ကျွန်ုပ်တို့အား ကြိုတင်၍ အသိပေးရမည်။ အကယ်၍ သင် ကျွန်ုပ်တို့အား မပြောလျှင် သင့် ထောက်ပံ့ကြေးငွေ ရပ်ဆိုင်းကောင်း ရပ်ဆိုင်းသွားနိုင်သည်။

# jobactive လုပ်ဆောင်ရန် ရွေးချယ်ခြင်း

သင်သည် ဩစတြေးလျနိုင်ငံရောက်ရှိပြီးနောက် 6 ပတ်မှစ၍ jobactive တွင် ပါဝင်လုပ်ဆောင်ရန် ရွေးချယ်နိုင်သည် သို့သော် သင် ဩစတြေးလျနိုင်ငံတွင် 12 လ မပြည့်မချင်း ၎င်းကို မဖြစ်မနေ လုပ်ရမည်ဟု မဆိုလိုပါ။

jobactive သည် အလုပ်အကိုင် ဝန်ဆောင်မှု ဌာနတစ်ခုဖြစ်ပြီး ၎င်းသည် သင့်အား အလုပ်အတွက် ပြင်ဆင်ရန်နှင့် အလုပ်ရှာဖွေရန် အထောက်အကူပေးနိုင်သည်။ သူတို့သည် သင့်အား ကူညီပေးနိုင်သည်မှာ-

- ကိုယ်ရေးမှတ်တမ်း တစ်စောင် ရေးရန်
- လူတွေ့အင်တာဗျူး အတွက် ပြင်ဆင်ရန်
- ဒေသခံ အလုပ်ရှင်များ လိုအပ်သည့် ကျွမ်းကျင်မှုများကို ရယူရန်
- အလုပ် ရှာပြီး အလုပ်ဆက်လက်မြဲနေစေရန် ဖြစ်သည်။

# 12 ပတ် ကြာပြီးနောက် လုပ်ရန် သင် လိုအပ်သည့်အရာ

သင်၏ mutual obligation နှင့် သတင်းပို့ရန် သတ်မှတ်ချက်များကို သင် ဆက်လက် ကိုက်ညီနေစေရန် အရေးကြီးပါသည်။ ဤကိစ္စကို သင် ဩစတြေးလျနိုင်ငံ၌ 12 လ ပြည့်သည့်တိုင် ဆက်လက်လုပ်နေရန် လိုအပ်သည်။

## သတင်းပို့ရန် သတ်မှတ်ချက်များ

သင့် ထောက်ပံ့ကြေးငွေ ဆက်လက်ရရှိနေစေရန် သင်သည် သင့်ရက်ချိန်းများကို တက်ရောက်ရမည်ဖြစ်ပြီး အတည်ပြုထားသည့် လှုပ်ရှားဆောင်ရွက်မှုများကို လုပ်ရမည်။

သင်၏ သဘောတူထားသည့် လှုပ်ရှားဆောင်ရွက်မှုများကို သင် လုပ်နေကြောင်း ကျွန်ုပ်တို့ သိရှိစေရန် သင် ပုံမှန် သတင်းပို့ရမည်။

သင် မည်မျှ မကြာခဏ ကျွန်ုပ်တို့ထံ သတင်းပို့ရမည်ကို ကျွန်ုပ်တို့ သင့်အား ပြောပါမည်။ ၎င်းသည် သင်၏ အတည်ပြုထားသည့် လှုပ်ရှားဆောင်ရွက်မှုများအပေါ် မူတည်နိုင်ကောင်း မူတည်နိုင်သည်။

အကယ်၍ သင်သည် သင်၏ mutual obligation requirements ကို လုပ်ရန် အခက်အခဲရှိနေလျှင် သင့်ဘာသာစကားဖြင့် တစ်စုံတစ်ယောက်အား စကားပြောဆိုရန် ဖုန်း **131 202** ကိုခေါ်ပါ။ သင့်အနေဖြင့် ဝန်ဆောင်မှု အရာရှိတစ်ဦးနှင့် စကားပြောဆိုရန် ဝန်ဆောင်မှု ဌာနသို့လည်း သွားရောက်နိုင်သည်။

# သင် ဩစတြေးလျနိုင်ငံတွင် 12 ပြည့်ပြီးသည့်အခါ

သင် ဩစတြေးလျနိုင်ငံ၌ 12 လ ပြည့်ပြီးသည်နှင့်တစ်ပြိုင်နက် သင့်တွင် ကျွန်ုပ်နှင့်တွေ့ရန် ရက်ချိန်းတစ်ခု ရှိပါလိမ့်မည်။

ဤတွေ့ဆုံပွဲတွင် ကျွန်ုပ်တို့သည် သင်၏ အခြေအနေများကို သုံးသပ်ပါမည်။ ကိစ္စအများစုတွင် ကျွန်ုပ်တို့သည် သင့်အား jobactive ဌာနသို့ လွှဲပို့ပေးပါမည်။

## ပိုမိုသော အချက်အလက်များ အတွက်

- အကယ်၍ သင် ဩစတြေးလျနိုင်ငံသို့ မကြာသေးမီက ရောက်ရှိလာခဲ့လျှင် humanservices.gov.au/newtoaustralia တွင်ကြည့်ရှုပါ
- humanservices.gov.au/yourlanguage တွင်ဝင်ရောက်ကြည့်ရှုပါ၊ ၎င်းတွင် သင်သည် အချက်အလက်များကို သင့်ဘာသာစကားဖြင့် ဖတ်နိုင်သည်၊ နားထောင်နိုင်သည် သို့မဟုတ် ဗွီဒီယိုကြည့်နိုင်ပါသည်။
- အွန်လိုင်းဖြင့် သင် ကျွန်ုပ်တို့နှင့် မည်သို့ဆက်သွယ်လုပ်ကိုင်နိုင်ကြောင်း သိရှိရန် humanservices.gov.au/myGov တွင် ဝင်ရောက်ကြည့်ရှုပါ
- mutual obligation requirements နှင့်ပတ်သက်၍ ပိုမိုသိရှိရန် humanservices.gov.au/mutualobligation တွင် ဝင်ရောက်ကြည့်ရှုပါ
- jobactive နှင့်ပတ်သက်၍ ပိုမိုသိရှိရန် employment.gov.au/jobactive တွင် ဝင်ရောက်ကြည့်ရှုပါ
- Centrelink ထောက်ပံ့ကြေးပေးငွေများနှင့်ဝန်ဆောင်မှုများတို့နှင့်ပတ်သက်၍ သင့်ဘာသာစကားဖြင့် ကျွန်ုပ်တို့အား ပြောဆိုရန် ဖုန်း **131 202** ကိုခေါ်ပါ။
- Medicare and Child Support ပေးငွေများနှင့် ဝန်ဆောင်မှုများအကြောင်းကို သင့်ဘာသာစကားဖြင့် ကျွန်ုပ်တို့အား ပြောဆိုရန် Translating and Interpreting Service (TIS National) ကိုဖုန်း **131 450** ဖြင့်ခေါ်ပါ။
- ဝန်ဆောင်မှု စင်တာ တစ်ခုသို့ သွားရောက်ပါ။

**မှတ်ချက်-** ဩစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို သင့်အိမ်ဖုန်းမှ ဖုန်း **‘13’** နံပါတ်များသို့ ခေါ်သော ဖုန်းခေါ်ခများကို ပုံသေနှုန်းဖြင့် ကျခံရပါသည်။ အဆိုပါဖုန်းခေါ်နှုန်းမှာ ဒေသပြောကျသင့်ငွေ ကွဲလွဲမှု ရှိကောင်းရှိနိုင်ပြီး တယ်လီဖုန်းကုမ္ပဏီ အချင်းချင်းတွင်လည်း ကွဲလွဲကောင်း ကွဲလွဲနိုင်သည်။ သင့်အိမ်ဖုန်းမှ ‘1800’ နံပါတ်များသို့ ခေါ်သောဖုန်းခေါ်မှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းနှင့် မိုဘိုင်းဖုန်းများမှ ခေါ်သောဖုန်းခေါ်ခများအား အချိန်တိုင်းတာထားနိုင်ပြီး ပိုမိုကြီးမြင့်သော နှုန်းဖြင့် ကျခံရနိုင်သည်။

## တာဝန်မယူခြင်းဆိုချက်

ဤထုတ်ပြန်စာစောင်ပါ အချက်အလက်များကို ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများအတွက် လမ်းညွှန် တစ်ခု အဖြစ်သာ ရည်ရွယ်ထားပါသည်။ သင့်အနေဖြင့် ထောက်ပံ့ကြေးပေးငွေ လျှောက်ထားလိုမလို ဆုံးဖြတ်ရန်နှင့် သင်၏ သီးခြား အခြေအနေများအပေါ် မူတည်ပြီး လျှောက်လွှာတစ်စောင်ကို လျှောက်ထားတင်သွင်းရန်မှာ သင်၏တာဝန်ဖြစ်သည်။

# Newly arrived refugees—mutual obligation requirements

We offer payments and services to help you settle into life in Australia. There are things you must do to keep getting your payment—we call this mutual obligation requirements.

## Key information

- You will receive a 12 week exemption from mutual obligation requirements from your date of arrival in Australia
- You are not required to be referred to a jobactive provider and look for work until you have been in Australia for 12 months
- You have the option to access the jobactive service earlier to help you look for work if you choose.

## When you arrive

Your coordinator or case worker will tell us when you have arrived in Australia.

### Your first 12 weeks in Australia

#### New claim interview

Your coordinator or case worker will book a new claim interview for you within 3 days of your arrival. A Refugee and Asylum Seeker Officer will help you claim a payment that is right for your situation.

If you do not have someone to help you, call **131 202** to speak to someone in your language. They will book the interview for you.

We will organise some other appointments for you. Your appointments include a seminar about our payments and services. It is important for you to go to all your appointments or your payment may stop.

#### Employment Services Assessment appointment

The Refugee and Asylum Seeker Officer may also refer you for an employment services assessment. This helps us understand:

- any barriers you may have to look for or accept work
- your capacity to work taking into consideration any disability, illness or injury
- the best employment services program to suit you, if needed.

Generally, your Employment Services Assessment appointment will be at your local service centre. In some cases, your appointment may take place by phone or video conference.

Call us if you cannot go to your appointment. You can call us on the same phone number we give you when we make the appointment.

## At 12 weeks

You will meet with us after you have been in Australia for 12 weeks.

At this contact we:

- check to make sure your circumstances have not changed
- create a Job Plan with you
- explain your mutual obligation requirements
- tell you about your reporting requirements
- can refer you to jobactive, if you choose to access this service.

Depending on your circumstances, we may refer you to one of the following instead:

- Disability Employment Services
- Transition to Work
- The Community Development Program.

## Job Plan

Your Job Plan is valid until 12 months from the date you arrived in Australia. It includes approved activities to help you adjust to your life in Australia. To keep getting your payment you need to do your activities.

We will talk to you about activities you can do to help you get a job. You must agree to do at least 1 activity. We will add the agreed activities to your Job Plan.

Your approved activity can be:

- participating in the Humanitarian Settlement Program
- learning English through the Adult Migrant English Program
- participating in jobactive
- doing other approved work, study or training activities, depending on your participation requirements.

Read more about the Humanitarian Settlement Program on **immi.homeaffairs.gov.au**

If you cannot do any of the activities in your Job Plan, you must let us know beforehand. If you do not tell us, your payment may stop.

## Choosing to participate with jobactive

You can choose to participate in jobactive from 6 weeks after you arrive in Australia however, it is not compulsory to do so until you have been in Australia for 12 months.

jobactive is an employment services provider that can help you prepare for and look for work. They can help you to:

- write a resume
- prepare for interviews
- get skills that local employers need
- find and keep a job.

# What you need to do after week 12

It is important you continue to meet your mutual obligation and reporting requirements. You need to keep doing these until you have been in Australia for 12 months.

## Reporting requirements

You must go to your appointments and do your approved activities to keep getting your payment.

You must report regularly to let us know you are doing your agreed activities.

We tell you how often you need to report to us. It may depend on your approved activities.

If you are having trouble meeting your mutual obligation requirements, call **131 202** to speak to someone in your language. You can also go to a service centre to speak to a service officer.

# When you have been in Australia for 12 months

You will have an appointment with us once you have been in Australia for 12 months.

At this appointment we will review your circumstances. In most cases, we will refer you to jobactive.

## For more information

- go to **humanservices.gov.au/newtoaustralia** if you have recently moved to Australia
- go to **humanservices.gov.au/yourlanguage** where you can read, listen to or watch information in your language
- go to **humanservices.gov.au/myGov** to see how you can do your business with us online
- go to **humanservices.gov.au/mutualobligation** to find out more about mutual obligation requirements
- go to **employment.gov.au/jobactive** to find more about jobactive
- call **131 202** to speak with us in your language about Centrelink payments and services
- call the Translating and Interpreting Service (TIS National) on **131 450** to speak with us in your language about Medicare and Child Support payments and services
- visit a service centre.

**Note**: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It is your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances